Message Nine

# အစ္စရေးအမျိုးသားတို့သည် ရှင်ဘုရင် မရှိဘဲ လူတိုင်း မိမိအမြင်၌ မှန်သည်ဟု ထင်သည်အတိုင်း ပြုကြခြင်း

ဖတ်ရန်ကျမ်း။ ။ သူကြီး၊၂း၁၀-၁၈။ ၃း၇-၁၅။ ၈း၃၃-၃၅။ ၁၀း၆-၇။ ၁၃း၁။ ၁၇း၅-၆။ ၁၈း၁၊ ၃၀-၃၁။ ၁၉း၁။ ၂၁း၂၅

**I. သူတို့၏ ယိုယွင်းကျဆင်းခြင်း၌ အစ္စရေးသည် အုပ်စိုးမှု၊ ကိုးကွယ်မှုနှင့် ကိုယ်ကျင့်သိက္ခာတို့၌ ဖရိုဖရဲဖြစ်သွားခဲ့ကြသည် - သူကြီး၊၃း၇-၁၅။ ၈း၃၃-၃၅။ ၁၃း၁။ ၁၇း၅-၆။ ၁၈း၃၀-၃၁။**

A. အစ္စရေးအမျိုးသားတို့သည် သူတို့၏ အမွေခံရာအဖြစ် မြေကို ပိုင်ဆိုင်ကြပြီးသည့်နောက်၊ သူတို့သည် ခါနန်ပြည်သား မျိုးနွယ်ခုနစ်ခုကို ရှင်းရှင်း နှင်ထုတ်ခြင်း၊ ဖျက်ဆီးခြင်း ပြုရန် ဘုရားသခင်၏ မိန့်မှာချက်ကို နာခံခြင်းမရှိကြပေ - ၁း၂၇-၃၆။

B. ရလဒ်အနေဖြင့် အစ္စရေးအမျိုးသားတို့သည် ထိုသူတို့၏ ဘုရားများကို အစေခံလာကာ၊ သခင်ဘုရား၏အမြင်၌ ဆိုးညစ်မှုကို ပြုခဲ့ကြလေသည် - ၂း၁၀-၁၈။

C. အစ္စရေးအမျိုးသားတို့သည် သူတို့ကို အီဂျစ်ပြည်ထဲမှ ခေါ်ထုတ်ပေးခဲ့သော သူတို့ဘိုးဘေးများ၏ သခင်ဘုရား ဘုရားသခင်ကို ငြင်းပယ်ခဲ့ကြပြီး၊ သူတို့ပတ်ပတ်လည်ရှိ လူများ၏ ဘုရားများနောက်သို့ လိုက်ခဲ့ကြလေသည်။ သူတို့သည် ၎င်းတို့ရှေ့မှာ ဦးချဝတ်ပြုကြကာ၊ ယေဟောဝါ၏ အမျက်တော်ကို နှိုးဆွခဲ့ကြသည် - ၁၀း၆-၇။

D. ဘုရားသခင်သည် သူတို့ကို လုယူဖျက်ဆီးသူများ၏ လက်ထဲသို့ အပ်လိုက်ပြီး၊ သူတို့၏ရန်သူများလက်ထဲသို့ ရောင်းတော်မူခဲ့သည်၊ ထိုသို့ဖြင့် သူတို့သည် ရပ်တည်နိုင်ကြခြင်း မရှိတော့ပေ။ သူတို့ထွက်သွားလေရာရာ၌ သခင်ဘုရား၏လက်တော်သည် အဆိုးကို တွေ့ကြုံစေရန် တားဆီးလေသည် - ၂း၁၁-၁၅။

E. တရားသူကြီးများ၏ခေတ်သည် အစ္စရေးသမိုင်းကြောင်း၌ အမှောင်မိုက်ဆုံးကာလအဖြစ် မှတ်ယူနိုင်ပါသည်။ ၎င်းသည် ဒုက္ခဆင်းရဲ ကျရောက်ခြင်းကာလလည်း ဖြစ်သည်။

F. ထိုကာလတွင် အစ္စရေးအမျိုးသားများအလယ်တွင် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်း၊ ရုပ်ကိုကိုးကွယ်ခြင်း (အခန်း၊ ၁၇-၁၈)၊ အချင်းချင်းတိုက်ခိုက်ခြင်း (အခန်း ၉)၊ မျိုးနွယ်စုများအလယ်တွင် ရန်မူခြင်း၊ အငြင်းပွားခြင်း (အခန်း ၂၀-၂၁) မတရားသောမေထုန်ပြုခြင်း (အခန်း ၁၉)၊ ညစ်ညူးခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းနှင့် ဆိုးညစ်သောအမှု အလုံးစုံ ရှိခဲ့လေသည်။

**II. "ထိုကာလ၌ အစ္စရေးအမျိုး၌ ရှင်ဘုရင် မရှိ၊ လူတိုင်း မိမိအမြင်၌ မှန်သည်ဟု ထင်သည်အတိုင်း ပြုသတည်း" - ၂၁း၂၅။**

A. အစ္စရေးလူတို့သည် သူတို့အလယ်တွင် ရှင်ဘုရင်မရှိပါဟု ပြောကြသည်၊ ဤသည်မှာ သူတို့သည် ဘုရားသခင်နှင့် ကိုယ်တော်၏ အဆင့်အနေအထားကို ပယ်ဖျက်ကြကာ၊ ဘုရားသခင်၏ ရှင်ဘုရင်အရိုက်အရာကို အသိအမှတ်ပြုခြင်း မရှိကြကြောင်း ဆိုလိုသည် - ၁၇း၆။ ၁၈း၁။ ၁၉း၁။

B. ဘုရားသခင်၏ တဲတော်သည် ရှိလောမြို့၌ ရှိကာ၊ ယဇ်ပုရောဟိတ်မင်း၌ ဥရိမ်နှင့် သုမိမ်ရှိခဲ့သော်လည်း၊ အစ္စရေးတွင် အုပ်စိုးမှုမရှိ၊ စီမံခန့်ခွဲခြင်းမရှိဖြစ်နေသည်၊ အကြောင်းမှာ အစ္စရေးသည် သူတို့၏ ရှင်ဘုရင်အဖြစ် ဘုရားသခင်နှင့် ကိုယ်တော်၏ အဆင့်အနေအထားကို ပယ်ဖျက်ကြသောကြောင့်ဖြစ်ကာ၊ တရားသူကြီးများစာစောင်၌ ဘုရားသခင်၏ ထင်ရှားခြင်းကို မတွေ့ရတော့ပေ - ၁၈း၃၁။ ထွ၊၂၈း၃၀ မှတ်စု ၁။

C. တရားသူကြီးများ ခေတ်ကာလအတွင်း အစ္စရေး၌ ရှင်ဘုရင်မရှိသောကြောင့် အစ္စရေးအမျိုးသားတို့သည် မိမိတို့အမြင်၌ မှန်သည်ထင်သည့်အတိုင်း ပြုမူကြကာ၊ ရလဒ်မှာ သူတို့သည် ပုပ်ပျက်ခြင်း၊ ဖောက်ပြန်ပျက်စီးခြင်း ဖြစ်လာခဲ့ကြသည် - သူကြီး၊၁၇း၆။ ၁၈း၁။ ၁၉း၁။ ၂၁း၂၅။

1. မောရှေက အစ္စရေးအမျိုးသားတို့အား သူတို့သည် ကောင်းသောမြေအထဲသို့ ဝင်ရောက်ကြသောအခါ၊ သူတို့အမြင်၌ မှန်သည်ထင်ရသော်လည်း ဘုရားသခင်၏အမြင်၌ မှန်ကန်မှုမရှိသည့်အရာများကို ပြုမူခြင်းမရှိရန် ပြောထားခဲ့သည် - တရား၊၁၂း၈-၁၄။

2. စာတန်က အစ္စရေးလူတို့အား သူတို့၏အမြင်၌ မှန်သည်ထင်သည့်အတိုင်း ပြုမူရန်၊ တရားမဲ့ဖြစ်စေရန်၊ ဘုရားမဲ့ဖြစ်စေရန်နှင့် ဘုရားသခင်၏ ထိန်းကွပ်ပေးခြင်းကို စွန့်ပစ်စေရန် ဖြစ်ပေါ်စေခဲ့သည်။ ဤအရာသည် တရားသူကြီး ၁၇-၁၈၊ ၁၉း၁ နှင့် ၂၁း၂၅ တို့တွင် ဖွင့်ပြထားသည်။
3. ယနေ့ ခရစ်ယာန်များက သူတို့အဖို့ တစ်စုံတစ်ခုသောအရာသည် မှန်သည် သို့မဟုတ် မှားသည်ဟု မကြာခဏ ပြောလေ့ရှိကြသည်။ ဤနည်းလမ်း၌ အသက်ရှင်ခြင်းမှာ မိမိအမြင်၌ မှန်သည်ထင်သည့်အတိုင်း အသက်ရှင်ခြင်းဖြစ်သည်။
4. ကျွန်ုပ်တို့အဖို့ မိမိတို့အမြင်၌ မှန်သည်ထင်သည့်အတိုင်း လုပ်ဆောင်ခြင်းမှာ အလွန်ဆိုးဝါးထိတ်လန့်ဖွယ်ရာဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အမြင်၌ မှန်သောအရာကို လုပ်ရမည်ဖြစ်သည် - တရား၊ ၁၂း၈။

D. အစ္စရေး၌ ရှင်ဘုရင်မရှိသည့်အခါ၊ ထိုနေရာတွင် အခွင့်အာဏာလည်း မရှိပေ၊ လူများသည် မိမိတို့နှစ်သက်ရာကိုသာ ပြုနေကြသည်။ ဤသည်မှာ မျက်မှောက်ဆိုးညစ်သော ခေတ်ကာလ၌၊ လောကနှင့် ဘာသာတရားဆိုင်ရာ စနစ်ဖြစ်သည့် ခရစ်ယာန်လောကနှစ်ခုလုံး၌ ရှိနေသော အရာများ၏ အခြေအနေ အတိအကျပင်ဖြစ်သည် - ၌၂း၂၊ ၁၂။
E. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် တရားစာစောင်တွင် ပုံဖော်ပြသထားသည့် တရားမဲ့ခြင်းမှ ကယ်လွှတ်ခံရရန်နှင့် ဘုရားသခင်၏နိုင်ငံတော်၌ ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် အသက်ရှင်ကာ၊ ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ရန် လိုအပ်သည် - တိတု၊ ၂း၁၄။ ဂလ၊ ၁း၄။ မ၊ ၆း၁၀။

## III. ဘုရားသခင်သည် ခေတ်ကာလများ၏ ရှင်ဘုရင်ဖြစ်ကာ၊ ထာဝရကာလပတ်လုံး အကြွင်းမဲ့အခွင့်အာဏာရှိသူ၊ ဘယ်သောအခါမျှ ပြောင်းလဲခြင်းမရှိသူဖြစ်သည် - ၁တိ၊ ၁း၁၇။

A. ကျွန်ုပ်တို့ယုံကြည်သည့်၊ ကျွန်ုပ်တို့အစေခံသည့် ဘုရားသခင် တည်းဟူသော ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးခြင်းရှိသည့် အရှင်သည် ခေတ်ကာလများ၏ ရှင်ဘုရင်၊ ထာဝရကာလ၏ ရှင်ဘုရင်ဖြစ်သည် - အငယ်၊ ၁၇။ ၂ကော၊ ၁၃း၁၄။
B. ခရစ်တော်သည် ဘုရားသခင်၏လူများကို ထိန်းကျောင်းမည့် ရှင်ဘုရင်၊ အုပ်စိုးသူဖြစ်ရန် မွေးဖွားလာခဲ့သည်၊ ကိုယ်တော်သည် ယခုတွင် ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင် ဖြစ်သည် - မ၊ ၂း၂၊ ၆။ ဗျာ၊ ၁၉း၁၆။ ၁၇း၁၄။
1. ရှင်ဘုရင်အဖြစ် ခရစ်တော်သည် ယေဟောဝါ ဘုရားသခင်ဖြစ်ကာ၊ ကိုယ်တော်သည် လူသားလည်းဖြစ်သည် - ဆာ၊ ၂၄း၈၊ ၁၀။
2. ခရစ်တော်သည် ကျွန်ုပ်တို့၏ ရှင်ဘုရင်ဖြစ်ကာ၊ ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ စိုးစံနေကြောင်း ကျွန်ုပ်တို့သိနားလည်ရန်နှင့် ဒေသန္တရအသင်းတော်များ၌ ခရစ်တော်၏ ရှင်ဘုရင်အရိုက်အရာကို သိမှတ်နားလည်ရမည်၊ ထိုနေရာတွင် ကျွန်ုပ်တို့သည် ကိုယ်တော်၏ဘုရင်အရိုက်အရာအောက်၌ အသက်ရှင်ကြသည် - ၌၊ ၃း၁၇။ ၁တိ၊ ၃း၁၅။ ၆း၁၅။
3. ခရစ်တော်သည် ဘုန်းကြီးသော ရှင်ဘုရင် - ဗိုလ်ခြေတို့၏အရှင် ယေဟောဝါ အဖြစ် ကြွလာလိမ့်မည်၊ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားသည် အောင်မြင်သော၊ ကြွလာမည့်သူဖြစ်သော ခရစ်တော်၌ ကိုယ်ထင်ရှားကိန်းဝပ်ကာ၊ ကိုယ်တော်သည် ဘုရားသခင်၏ ထာဝရနိုင်ငံတော်၌ စိုးစံလိမ့်မည်ဖြစ်သည် - ဆာ၊ ၂၄း၇-၁၀။
4. ခရစ်တော်သည် သူ၏နိုင်ငံတော်အပေါ် ဒါဝိဒ်၏ပလ္လင်ပေါ်မှ အုပ်စိုးခြင်းမှာ ရှေ့ဦးစွာ မိလေနိယကာလတွင် ဖြစ်ပြီး၊ ထိုနောက် ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ထာဝရကာလပတ်လုံး ဖြစ်သည် - ဟေရှာ၊ ၉း၇။ လု၊ ၁း၃၃ မှတ်စု ၁။
5. "ရာဇပလ္လင်သည်လည်း မေတ္တာကရုဏာ၌ တည်ကလိမ့်မည်။ / ပလ္လင်တော်ပေါ်မှာ သမ္မာတရား၌ / ထိုင်တော်မူသော အရှင်သည် ... ဒါဝိဒ်၏တဲ၌ တရားစီရင်တော်မူလိမ့်မည်" - ဟေရှာ၊ ၁၆း၅။
   a. ခရစ်တော်သည် ဒါဝိဒ်၏တဲ၌ စိုးစံခြင်းမှာ နှစ်သိမ့်သက်သာစေခြင်း၊ ခွန်အားပေးခြင်းနှင့် ပြန်လည်ထူထောင်ခြင်း ဖြစ်သည်။
   b. ခရစ်တော်၏ပလ္လင်တော်သည် မေတ္တာကရုဏာ၌၊ နူးညံ့သော ကြင်နာခြင်း၌ တည်လိမ့်မည်ဖြစ်ပြီး၊ ကိုယ်တော်သည် သူ၏ပလ္လင်တော်ပေါ်တွင် သမ္မာတရား၌၊ တစ်နည်းအားဖြင့် ဟုတ်မှန်ခြင်းနှင့် သစ္စာရှိခြင်း၌ ထိုင်တော်မူလိမ့်မည်ဖြစ်သည် - အငယ်၊ ၅။

c. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၌ စိုးစံခွင့်ပေး၍၊ မေတ္တာကရုဏာ၊ ဟုတ်မှန်ခြင်း၊ သစ္စာရှိခြင်း၊ တရားမျှတခြင်းနှင့် ဖြောင့်မတ်ခြင်း၌ နိုင်ငံတော် ယူဆောင်လာရန် အခွင့်ပေးမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဤကောင်းမြတ်ခြင်းများ၌ ကိုယ်တော်နှင့်တူညီခြင်း ရှိလာကြလိမ့်မည်ဖြစ်သည် - အငယ်၊၅။

**IV. ကျွန်ုပ်တို့သည် တရားမဲ့ခြင်းမှသော်လည်းကောင်း၊ တရားမဲ့သောသူများဖြစ်ခြင်းမှသော်လည်းကောင်း ကယ်နုတ်ခံရရန်၊ ဘုရားသခင်ကို အစေခံခြင်း၏ အလေ့အလာကို နာခံခြင်းအားဖြင့် ဘုရားသခင်၏အမြင်၌ မှန်သောအရာကို လုပ်ဆောင်ရန် လိုအပ်သည် - တိတု၊၂း၁၄။ မ၊၇း၂၁-၂၃။**

A. မိမိတို့အမြင်၌ မှန်သည်ထင်သည့်အတိုင်း လုပ်ဆောင်ခြင်းမှာ တရားမဲ့ခြင်းဖြစ်သည် - သူကြီး၊၂၁း၂၅။

1. "အပြစ်သည် တရားမဲ့ခြင်းဖြစ်သည်။" ထို့ကြောင့် တရားမဲ့ခြင်းသည် အပြစ်ဖြစ်သည်၊ သို့မဟုတ် အပြန်အလှန်အနေဖြင့် အပြစ်သည် တရားမဲ့ခြင်းဖြစ်သည် - ၁ယော၊၃း၄။
   a. ၁ယော၊၃း၄ တွင် "တရားမဲ့ခြင်း" သို့မဟုတ် ပညတ်တရားမရှိခြင်း ဟူသည်မှာ ဘုရားသခင်က လူအပေါ် အုပ်စိုးမှု၏အလေ့အလာ ကင်းမဲ့ခြင်း၊ သို့မဟုတ် အောက်တွင် မရှိခြင်းကို ရည်ညွှန်းသည်။
   b. အပြစ်ပြုခြင်းမှာ ပညတ်တရားကင်းမဲ့ခြင်း၊ ပညတ်တရားကို ဆန့်ကျင်လွန်ကျူးခြင်း ဖြစ်သည်။
   c. ဘုရားသခင်၏ အမြင်၌ လူသည် အပြစ်ပြုခြင်းမှာ သူသည် မိမိ၏ဇာတိသဘောအတိုင်း၊ တမင်သက်သက် ပြုမူခြင်းရှိပြီး၊ အတ္တအလိုအတိုင်း လျှောက်လှမ်းကာ၊ ဘုရားသခင်၏အခွင့်အာဏာကို ဆန့်ကျင်ပုန်ကန်သည့်အချိန်၌ ဖြစ်သည်။
   d. တရားမဲ့ခြင်းသည် ဘုရားသခင်၏အခွင့်အာဏာကို အသိအမှတ်ပြုခြင်းမရှိ၊ ဝန်ခံခြင်းမရှိပေ။
   e. တရားမဲ့ခြင်းကို လေ့ကျင့်လုပ်ဆောင်ခြင်းမှာ ဘုရားသခင်က လူအပေါ် အုပ်စိုးခြင်း အလေ့အလာထဲမှာ မရှိခြင်း၊ ထိုအောက်တွင် မရှိခြင်း အသက်တာကို အသက်ရှင်ခြင်းဖြစ်သည်။
   f. တရားမဲ့ခြင်း၌ လူသည် အခွင့်အာဏာကို ပုန်ကန်ခြင်းပြုရုံသာမက၊ ပညတ်တရား မရှိသကဲ့သို့ပင် ပြုမူနေသည်။
2. အထူးဖြစ်သော လူတစ်စုကို ကိုယ်တော်၏ သီးသန့်ပိုင်ဆိုင်မှုအဖြစ် မိမိကိုယ်တော်တိုင်ထံသို့ စင်ကြယ်စေရန်အလို့ငှာ ခရစ်တော်သည် တရားမဲ့ခြင်းအလုံးစုံမှ ကျွန်ုပ်တို့ကို ရွေးနုတ်ရန် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အတွက် ပေးအပ်ခဲ့သည် - တိတု၊၂း၁၄။

B. "သခင်၊ သခင်ဟု ငါ့ကို လျှောက်သောသူတိုင်း ကောင်းကင်များ၏ နိုင်ငံတော်အထဲသို့ ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်များ၌ ရှိတော်မူသော ငါ့ခမည်းတော်၏ အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်" - မ၊ ၇း၂၁။

1. သခင်ဘုရားကို ခေါ်ခြင်းသည် ကျွန်ုပ်တို့ကို ကယ်တင်ခြင်းခံရစေရန် လုံလောက်ပါသည်၊ သို့သော် ကောင်းကင်များ၏ နိုင်ငံတော်အထဲသို့ ဝင်ရောက်ရန် ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာ ခမည်းတော်၏ အလိုတော်ကို လုပ်ဆောင်ရန်လည်း လိုအပ်သည် - ရော၊၁၀း၁၃။ ၁၂း၂။ မ၊၁၂း၅၀။ ဧ၊၅း၁၇။ ကော၊၁း၉။
2. ကောင်းကင်များ၏ နိုင်ငံတော်အထဲသို့ ဝင်ရောက်ခြင်းသည် ကောင်းကင်ဆိုင်ရာ ခမည်းတော်၏ အလိုတော်ကို လုပ်ဆောင်ရန် တောင်းဆိုထားသည့်အတွက် ၎င်းမှာ အသစ်တစ်ဖန် မွေးဖွားခြင်းမှတစ်ဆင့် ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်ရောက်ခြင်းမှ ခြားနားကြောင်း ရှင်းလင်းစွာ မြင်ရသည် - ယော၊၃း၃၊ ၅။
   a. ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်ပေါက်မှာ ဘုရားဆိုင်ရာအသက်၏ မွေးဖွားခံရခြင်းမှတစ်ဆင့် ရရှိနိုင်သည် - ၁း၁၂-၁၃။ ၃း၅-၆။
   b. ကောင်းကင်များ၏နိုင်ငံတော်အထဲသို့ ဝင်ပေါက်မှာ ဘုရားဆိုင်ရာအသက်ကို အသက်ရှင်ခြင်းမှတစ်ဆင့် ရရှိခြင်းဖြစ်သည် - မ၊၇း၂၁။ ၁၂း၅၀။

C. သခင်ယေရှုက ကိုယ်တော်၏ နာမ၌ ပရောဖက်ပြုသူများ၊ နတ်ဆိုးများကို နှင်ထုတ်သူများ၊ တန်ခိုးကို ပြသူများတို့အား အပြစ်တင်စီရင်ခဲ့သည်၊ အကြောင်းမှာ "တရားမဲ့ခြင်းကို လုပ်ဆောင်သူများ"အဖြစ် သူတို့သည် မိမိတို့ကိုယ်တိုင်ထဲမှ အရာများကို လုပ်ဆောင်ကာ၊ ဘုရားသခင်၏အလိုတော်ကို နာခံခြင်းထဲမှ လုပ်ဆောင်ခြင်းမဟုတ်သောကြောင့်ဖြစ်သည် - ၇း၂၃။

1. စကြဝဠာ၌ အလေ့အလာနှစ်ခုရှိသည် - ယင်းတို့မှာ ဘုရားသခင့်အခွင့်အာဏာ၏ အလေ့အလာနှင့် စာတန်၏ပုန်ကန်ခြင်း အလေ့အလာ တို့ဖြစ်သည် - တ၊၁း၇။ ဟေရှာ၊၁၄း၁၃-၁၄။
   a. ကျွန်ုပ်တို့သည် တစ်ဖက်တွင် ဘုရားသခင်ကို အစေခံကာ၊ အခြားတစ်ဖက်တွင် ပုန်ကန်ခြင်းလမ်းကို ယူဆောင်၍ မရနိုင်ပါ။ ကျွန်ုပ်တို့သည် တရားမဲ့ခြင်း၏ အလေ့အလာမှ လှည့်ပြန်ကာ၊ ပုန်ကန်ခြင်းလမ်းကို ငြင်းပယ်ရမည်ဖြစ်သည် - မ၊၂၈း၁၈။ ယု၊၁၁။
   b. ဘုရားသခင်ကို အစေခံခြင်းသည် ကိုယ်တော်၏အခွင့်အာဏာတော်သို့ တိုက်ရိုက် ဆက်နွယ်နေသည်။ အခွင့်အာဏာ၏အကြောင်းအရာ၌ ရှင်းလင်းမှုမရှိလျှင် ကျွန်ုပ်တို့၏ အစေခံခြင်းနယ်ပယ်အားလုံး၌ ပြဿနာများရှိလိမ့်မည်ဖြစ်သည်။
2. သခင်ဘုရားသည် ကျွန်ုပ်တို့၏အစေခံခြင်းကို ဘုရားသခင်၏အခွင့်အာဏာထံသို့လည်းကောင်း၊ ခမည်းတော်၏ အလိုတော်သို့လည်းကောင်း ဝန်ခံသည့်အလေ့အလာ၌ စောင့်ထိန်းပေးပါစေသော - တ၊၁း၇။ မ၊၇း၂၁။ ၁၂း၅၀။

**V. တရားသူကြီးများစာစောင်၌ မှတ်တမ်းတင်ထားသည့် အုပ်ချုပ်မှု၊ ကိုးကွယ်မှုနှင့် ကိုယ်ကျင့်သိက္ခာတို့၌ ပရမ်းပတာဖြစ်ခြင်းမှာ ဖန်ဆင်းခြင်းအဟောင်းရှိ စာတန်ဆိုင်ရာ ပရမ်းပတာဖြစ်ခြင်းကို ပုံဖော်ပြသနေသည် - က၊၃း၁-၅။ ဗျာ၊၂၀း၁၀-၂၁း၄။**

A. စကြဝဠာသည် ပရမ်းပတာဖြစ်ခြင်းအဆင့်၌ ရှိနေသည်။ ဤပရမ်းပတာဖြစ်ခြင်းသည် ယနေ့ ကမ္ဘာလောက၌ ဒုက္ခခံစားနေရခြင်း၏ အရင်းအမြစ်ဖြစ်ကာ၊ ဖန်ဆင်းခြင်း၌ ပရမ်းပတာဖြစ်ခြင်းရှိနေသရွေ့ ကမ္ဘာလောကတွင် ဒုက္ခဆင်းရဲခံစားခြင်းများ ရှိနေဦးမည်ဖြစ်သည် - ရော၊၈း၁၈-၂၂။
B. စကြဝဠာ၏ သမိုင်းကြောင်းသည် ဘုရားသခင်၏စီမံကိန်းနှင့် စာတန်၏ ပရမ်းပတာဖြစ်ခြင်း သမိုင်းကြောင်းဖြစ်သည် - က၊၁း၁-၂၊ ၂၆။ ဗျာ၊၂၀း၁၀-၂၁း၄။
   1. မာရ်နတ် စာတန်သည် ဆိုးညစ်သော ပရမ်းပတာဖြစ်ခြင်း၏ အရင်းအမြစ်နှင့် ဒြပ်သဘာဝဖြစ်သည် - မ၊၁၆း၂၃။ ဗျာ၊၂း၉-၁၀။ ၂ကော၊၂း၁၁။ ၁ပေ၊၅း၈။
   2. ဘုရားသခင်ကိုယ်တော်တိုင်သည် ဘုရားဆိုင်ရာ စီမံကိန်းဖြစ်ပြီး၊ ကိုယ်တော်သည် အရာခပ်သိမ်းကို အစီအစဉ်တကျဖြစ်စေရန် စီမံခန့်ခွဲခြင်း၊ စီစဉ်ခြင်း၊ စီမံခြင်းအဖြစ် ကျွန်ုပ်တို့အထဲသို့ ရောက်လာသည် - ဧ၊၁း၁၀။ ၃း၁၀။
   3. သမ္မာကျမ်းစာ၌လည်းကောင်း၊ ကျွန်ုပ်တို့၏အတွေ့အကြုံ၌လည်းကောင်း စာတန်ဆိုင်ရာ ပရမ်းပတာဖြစ်ခြင်းသည် ဘုရားဆိုင်ရာစီမံကိန်းနှင့်အတူ သွားနေပြီး၊ အမှန်မှာ ဘုရားသခင်၏စီမံကိန်းကို ကူညီပေးခြင်းဖြစ်သည် - အငယ်၊၉။
C. ပရမ်းပတာဖြစ်ခြင်း၊ ပုန်ကန်ခြင်းနှင့် တရားမဲ့ခြင်း အလယ်တွင် အသက်ရှင်သောသူများအဖြစ် ကျွန်ုပ်တို့တွင် ဘုရားသခင်၏စီမံကိန်းကို ရှင်းလင်းသော ရူပါရုံရှိရန် လိုအပ်သည် - ဆာ၊၂း၁-၆။ သု၊၂၉း၁၈က။ ဧ၃း၉။
   1. ကျွန်ုပ်တို့သည် ဤရူပါရုံအားဖြင့် အုပ်စိုးခြင်း၊ ထိန်းချုပ်ခြင်းနှင့် လမ်းညွှန်ခြင်း ခံရန် လိုအပ်သည် - တ၊၂၆း၁၉။
   2. ကျွန်ုပ်တို့သည် ဘုရားသခင့်စီမံကိန်း၊ ဘုရားသခင့်ထာဝရအလိုတော်၏ ရူပါရုံ၌ သန့်စွမ်း၍ မလှုပ်မခါနိုင်သူများဖြစ်ရမည်ဖြစ်သည် - ဧ၊၁း၁၀။ ၃း၉။ ဗျာ၊၄း၁၁။ ၁ကော၊၁၅း၅၈။ ဟေဗြဲ၊၁၂း၂၈။
D. အောင်မြင်သောသူများသည် ဖန်ဆင်းခြင်းအဟောင်းရှိ စာတန်ဆိုင်ရာ ပရမ်းပတာဖြစ်ခြင်းကို အောင်နိုင်ကာ၊ ဖန်ဆင်းခြင်းအသစ်အတွက် ဘုရားဆိုင်ရာစီမံကိန်းကို သယ်ဆောင်ကြသည် - ၁တိ၊၁း၄။ ဧ၊၁း၁၀။ ၃း၉-၁၀။ ၂ကော၊၅း၁၇။ ဂလ၊၆း၁၅။
   1. အောင်မြင်သောသူများသည် စာတန်ဆိုင်ရာ ပရမ်းပတာဖြစ်ခြင်းမှ ထွက်မြောက်သွားကြခြင်းမဟုတ်ပါ၊ ထိုအစား သူတို့သည် ဖျက်ဆီးတတ်သော စာဆန်ဆိုင်ရာ ပရမ်းပတာဖြစ်ခြင်းကို အောင်နိုင်ကာ၊ တည်ဆောက်ခြင်းရှိသော ဘုရားဆိုင်ရာ စီမံကိန်း၌ အောင်နိုင်လွှမ်းမိုးခြင်းရှိကြသည် - ၁တိ၊၁း၃-၄၊ ၁၉-၂၀။ ၄း၁-၂။ တိတု၊၃း၁၀။ ၂တိ၊၁း၁၅။ ၄း၈။
   2. အောင်မြင်သောသူများသည် ပရမ်းပတာဖြစ်ခြင်း ဒုက္ခခံစားရစဉ် သူတို့သည် "ခရစ်တော်ယေရှု၌ ရှိသော ကျေးဇူးတော်၌ ခိုင်ခံ့ခြင်း" (၂း၁) ရှိကြကာ၊ ဘုရားဆိုင်ရာစီမံကိန်းအတွက် ရပ်တည်ကာ၊ ရှင်ထွက်ခြင်း ရှိရန် တတ်စွမ်းနိုင်ကြသည် - ၁း၁၀-၁၅။ ၃း၁၄-၁၇။ ၄း၂၊ ၅၊ ၇၊ ၁၈။

*© 2021 Living Stream Ministry*